# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၂၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄-၇-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တရားရုံးများတွင် တရားရင်ဆိုင်နေရသော နေပြည်တော် ကောင်စီအတွင်းရှိ မြေယာမဲ့များအား ကျေးရွာသစ်စီမံကိန်း အကောင်အထည် မဖော်မီအတွင်း တရားစွဲဆိုထားခြင်းမှ ပြန်လည် ရုပ်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **တရားစီရင်ရေးမဏ္ဍိုင်၏ အမြင့်ဆုံး တရားရုံးမှ နောက်ဆုံး ဆုံးဖြတ်ချက်တစ်ရပ်ကို အုပ်ချုပ်ရေး မဏ္ဍိုင်မှ အကောင်အထည်မဖော်ဘဲ အသင်း၏ အမှုဆောင် အဖွဲ့ဝင် များကို ခေါ်ယူဖိအားပေးကာ တလွဲအကောင်အထည်ဖော်ရန် ပြုမူခြင်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင် ဖောက်ဖျက်ရာ ရောက်မရောက် သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်(ကိုယ်စား) ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင် မဲဆန္ဒနယ်၏ **ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေအရ ဓနီးနှင့် သားသမီးများကို ထောက်ပံ့ကြေး ပေးရာတွင် တစ်လလျှင် ၁၀၀ ကျပ်ထက် မပိုရဟူသော ပြဋ္ဌာန်းထားချက်ကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ပြောင်းလဲရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **ရေကြည်မြို့နယ် ဒိုးကုန်း–သစ်ပုတ်မြေသား လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ညောင်ဦးမြို့နယ်ရှိ ညောင်ဦး–ချောက်ကတ္တရာမှ ခွဲသွားသော ကန်နီပေါက်ကျေးရွာ–ကျောက်ကန်ရွာ–တောရွာများသို့ သွားသော ကျေးရွာချင်းဆက်လမ်းမှာ မိုးတွင်းကာလတွင် လမ်းဆိုးသဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်– တောင်လှမော် ကျေးရွာလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **အစိုးရဌာန အဖွဲ့အစည်းများမှ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ(Budget)ဖြင့် ပစ္စည်းများ ဝယ်ယူသည့် ကိစ္စနှင့် ပတ်သက်၍ ဥပဒေရေးဆွဲထုတ်ပြန်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့အစည်းအဆင့်ဆင့်က ရေးဆွဲတင်ပြသည့် အမျိုးသား စီမံကိန်း မှတ်တမ်းများကို သက်ဆိုင်သည့် ပြည်သူ့ကိုယ်စားလှယ် များသို့ အသိပေးရန်နှင့် မှတ်တမ်းမိတ္တူများ ပေးပို့ရန် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်က **"နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတို့ကို နှိုင်းယှဉ်သုံးသပ်၍ ပြည်သူ့ထံသို့ ရှင်းလင်းတင်ပြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ရဲဝံ့ပြတ်သားထိရောက်စွာ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **" ၁၉၆၁ ခုနှစ်၊ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။